FACTS AND FIGURES



# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)

## မြန်မာနိုင်ငံအတွင်း အိုင်စီအာရ်စီ၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးအစီအစဉ်ဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ချက်များ

၂၀၂၁ ခုနှစ်မှ ၂၀၂၅ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု ရလဒ်အကျဉ်းချုပ်

ICRC

# နိဒါန်း

**၁၉၈၆ ခုနှစ်မှစတင်ကာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် မြန်မာနိုင်ငံတွင် ကိုယ်ကာယပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုများကို ၎င်း၏ ကိုယ်ကာယပြန်လည်သန်းစွမ်းရေး အစီအစဉ်အားဖြင့် ထောက်ပံ့ကူညီလျက်ရှိပါသည်။ ကနဦးတွင် ထိခိုက်ဒဏ်ရာရရှိထားသည့် လူထုအား ဝန်ဆောင်မှုပေးရန် အဓိကထားခဲ့သည့် ဤအစီအစဉ်သည် နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများ၊ မြေမြှုပ်မိုင်းထိခိုက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအားလုံး ယုံကြည်အားကိုးရသည့် ဝန်ဆောင်မှုများကို ပံ့ပိုးလျက်ရှိသည့် အစီအစဉ်ဖြစ်လာသည်အထိ ကြီးထွားလာခဲ့ပါသည်။**

၂၀၂၅ ခုနှစ်မှစတင်ကာ အိုင်စီအာရ်စီသည် ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာန ၃ခု (မြစ်ကြီးနား၊ ကျိုင်းတုံနှင့် ရန်ကုန်ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကြီး) နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက တာဝန်ယူဆောင်ရွက်နေသည့် ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနတို့ကို ပံ့ပိုးကူညီလျက်ရှိပါသည်။

နိုင်ငံသားများက စီမံခန့်ခွဲလျက်ရှိသည့် ဤဌာနများသည် ခြေတုလက်တုထုတ်လုပ်ရန်ပစ္စည်းများ၊ လေ့ကျင့်သင်တန်း၊ နည်းပညာဆိုင်ရာကျွမ်းကျင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အသုံးစရိတ်များအပါအဝင် အိုင်စီအာရ်စီ၏ ရေရှည်အတွက် အထောက်အပံ့အားဖြင့် အကျိုးဖြစ်ထွန်းလျက်ရှိပါသည်။ အိုင်စီအာရ်စီက ပံ့ပိုးကူညီထားသည့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ အရပ်သားပြည်သူအများစု၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာ ဝန်ဆောင်မှုများကို ကိုယ်စားပြုလျက်ရှိပြီး သီးသန့် သို့မဟုတ် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက စီမံခန့်ခွဲလျက်ရှိသည့် အခြေခံအဆောက်အအုံများကို အကန့်အသတ်ဖြင့် ဖြည့်စွက်လျက်ရှိပါသည်။

# ရွေ့လျားသွားလာနိုင်စေရန်နှင့် ပြန်လည်ပါဝင်လာနိုင်စေရန် ပံ့ပိုးခြင်း

၂၀၂၁ ခုနှစ်မှ စတင်ကာဝန်ဆောင်မှုများ ရယူလိုမှုများ တရိပ်ရိပ်တိုးမြင့်လာပါသည်။

**မသန်စွမ်းသူ ၄,၈၈၀ ဦး**သည် စောင့်ရှောက်မှုများကို ရရှိခဲ့ပါသည်။

**ခြေတုလက်တု ၁,၃၀၉ ခု** နှင့် **အားပြုကိရိယာ ၈၇၅ ခု** ပေးအပ်ခဲ့ပါသည်။

**လမ်းလျှောက်အကူပစ္စည်းများ ၁,၃၉၁ ခု** နှင့် **ဘီးတပ် ကုလားထိုင် ၁၄၈ လုံး** ပံ့ပိုးခဲ့ပါသည်။

**အရိုးအကြောကုသမှုပေါင်း ၂၂,၂၇၅ ကြိမ်** ဆောင်ရွက်ခဲ့ပါသည်။ (တစ်ဦးချင်း ၁၃,၅၁၀ ကြိမ်၊ အုပ်စုလိုက် ၈,၇၆၅ ကြိမ်)

ဤဝန်ဆောင်မှုများသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ခြင်းစီအား ဂုဏ်သိက္ခာရှိရှိနှင့် အမှီအခိုကင်းရှင်းစွာ ပြန်လည်လှုပ်ရှားသွားလာနိုင်စေရန် ထောက်ကူသည့်အပြင် ပဋိပက္ခ၊ နေရပ်ရွှေ့ပြောင်းမှု သို့မဟုတ် ဆင်းရဲမှုဒဏ်ခံနေရသည့် ဒေသများတွင် အလွန်အရေးပါပါသည်။

| အိုင်စီအာရ်စီက ပံ့ပိုးကူညီလျက်ရှိသည့် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနများရှိ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာ ဝန်ဆောင်မှု စုစုပေါင်း | ၂၀၂၀ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ဇန်နဝါရီ မှ ဩဂုတ် ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|---|---|
| အိုင်စီအာရ်စီက ပံ့ပိုးကူညီလျက်ရှိသည့် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့သည့် မသန်စွမ်းသူများ | ၂,၁၆၀ | ၄,၂၃၀ | ၄,၇၂၁ | ၄,၈၈၀ | ၃,၂၁၆ | ၁၉,၂၀၇ |
| မြေမြှုပ်မိုင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ထိခိုက်ခဲ့သည့် ဝန်ဆောင်မှုရယူသူများ | | ၉၆၆ | ၁,၇၀၄ | ၁,၈၁၈ | ၁,၂၄၂ | ၅,၇၃၀ |
| လက်နက်ဒဏ်ရာကြောင့် ထိခိုက်ခဲ့သည့် ဝန်ဆောင်မှုရယူသူများ | | ၉၇၅ | ၁,၈၀၅ | ၁,၈၆၃ | ၁,၃၂၃ | ၅,၉၆၆ |
| စိတ်၊ လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုရရှိခဲ့သည့် မသန်စွမ်းသူများ | ၁၇၁ | ၃၅၆ | ၅၆၅ | ၆၉၈ | ၅၈၈ | ၂,၃၇၈ |
| ခြေတု၊ လက်တုများ | ၇၃၇ | ၁,၂၆၃ | ၁,၄၂၂ | ၁,၃၀၉ | ၁,၀၉၆ | ၅,၈၂၇ |
| အားပြုကိရိယာများ | ၃၁၄ | ၅၅၈ | ၇၆၅ | ၈၇၅ | ၄၅၄ | ၂,၉၆၆ |
| လမ်းလျှောက်အကူပစ္စည်းများ | ၈၆၁ | ၁,၄၅၆ | ၁,၅၅၆ | ၁,၃၉၁ | ၉၈၃ | ၆,၂၄၇ |
| ဘီးတပ်ကုလားထိုင်များ | ၉၆ | ၁၉၅ | ၁၇၄ | ၁၄၈ | ၉၇ | ၇၁၀ |
| အကြောအဆစ်ကုသခြင်း | ၆,၀၁၅ | ၁၉,၉၇၂ | ၂၆,၅၂၀ | ၂၂,၇၇၅ | ၂၀,၁၇၈ | ၉၅,၄၆၀ |
| အားကစားလှုပ်ရှားမှုများတွင် ပါဝင်သည့် မသန်စွမ်းသူများ | ၁၄၈ | ၄၅၃ | ၄၅၄ | ၄၆၀ | ၂၄၉ | ၁,၇၆၄ |
| အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကြေးပံ့ပိုးမှုရရှိခဲ့သည့် မသန်စွမ်းသူများ | ၃ | ၂၉ | ၇၅ | ၆၁ | ၁၁ | ၁၇၉ |
| ပညာရေးအတွက် အထောက်အပံ့ရရှိခဲ့သည့် မသန်စွမ်းသူများ | | ၁ | ၆ | ၉ | ၂၈ | ၄၄ |

# မျိုးဆက်သစ်များအား လေ့ကျင့်သင်တန်းပေးခြင်း

ခြေတုလက်တုနှင့် အားပြုကိရိယာပညာရှင်များ နိုင်ငံအတွင်းရှားပါးမှုအား အဖြေရှာဖြေရှင်းရန်၊ အိုင်စီအာရ်စီသည် ၂၀၂၀ ခုနှစ်မှစတင်ကာ လေ့ကျင့်သင်တန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပါသည်။

**ပညာရှင်နှင့် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာန လုပ်သား ၁၄ ဦး**အား အပြည်ပြည်ဆိုင်ရာ ခြေတုလက်တုနှင့် အားပြုကိရိယာဆိုင်ရာအဖွဲ့အစည်း (ISPO) က အသိအမှတ်ပြုထားသည့် ၁ နှစ် သင်တန်းနှင့် ၃နှစ် သင်တန်းတို့တွင် ပါဝင်တက်ရောက်နိုင်စေရန် ပံ့ပိုးကူညီခဲ့ပါသည်။ (သင်တန်းဆင်းပြီးသူ ၈ ဦး ရှိပြီ ဖြစ်ပြီး မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ တက်ရောက်ဆဲ ၆ ဦး)

**ဒေသတွင်းဝန်ထမ်း ၂၀၀ ကျော်**အား အိုင်စီအာရ်စီနှင့် မိတ်ဖက်များပူးပေါင်း ကျင်းပသည့် ကာလတိုသင်တန်းများအားဖြင့် လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။

၂၀၂၄ခုနှစ်အတွင်း ဘားအံ့ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနတွင် ကျင်းပပြုလုပ်ခဲ့သည့် သင်တန်းတွင် **ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာန လုပ်သား ၉ ဦး** ပါဝင်တက်ရောက်ပြီးစီးခဲ့ပါသည်။

**ကျွမ်းကျင်လုပ်သား ၅ ဦး** ကို ကျောရိုးမအထောက်အကူပြု ကိရိယာပညာနှင့် ဘီးတပ်ကုလားထိုင်ဆိုင်ရာ နည်းပညာပိုင်းတွင်း လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်မှစတင်ကာ လူပေါင်း ၂၀၀ ကျော်သည် အိုင်စီအာရ်စီနှင့် မိတ်ဖက်များက ကျင်းပပြုလုပ်ခဲ့သည့် ကာလတိုသင်တန်းများတွင် ပါဝင်တက်ရောက်ခဲ့ရာ နိုင်ငံတစ်ဝန်းရှိ ကိုယ်ကာယပြန်လည်သန်စွမ်းရေး ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများ ပိုမိုအားကောင်းလာပါသည်။ နိုင်ငံခြားသားကျွမ်းကျင်သူများကလည်း ဌာနတွင် နည်းပညာပိုင်းဆိုင်ရာအထောက်အပံ့များကို ပံ့ပိုးခြင်းဖြင့် အရိုးချို့ယွင်းမှု ကုသပစ္စည်းများအား အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်စေရန်အပြင် လောလောလတ်လတ် သင်တန်းဆင်းထားသူများကိုလည်း သင်ကြားညွှန်ပြလျက်ရှိပါသည်။

# ရွေ့လျားသွားလာနိုင်မှုကိုကျော်လွန်၍ - ပါဝင်လှုပ်ရှားနိုင်မှုအား ထောက်ပံ့ကူညီခြင်း

လူမှုစီးပွားရေးအရ အကျုံးဝင်ပြန်လည်ဝင်ဆံ့နိုင်စေရေးကို မြှင့်တင်သည့်အနေဖြင့် အောက်ပါ အစီအစဉ်များကိုလည်း ပံ့ပိုးကူညီခဲ့ပါသည်။

### မသန်စွမ်းသူများအတွက် အထူးစီစဉ်ထားသည့် အားကစားလှုပ်ရှားမှုများ

၂၀၂၄ ခုနှစ်တွင် မသန်စွမ်းအားကစားသမားတစ်ဦးအပါအဝင် **မသန်စွမ်းသူပေါင်း ၄၆၀ ဦး** ပါဝင်ခဲ့ပါသည်။

**အသေးစား စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန် ငွေကြေးပံ့ပိုးမှု**

၂၀၂၄ ခုနှစ်အတွင်း **ဝန်ဆောင်မှု အသုံးပြုသူ ၆၃ဦး**အား ပံ့ပိုးကူညီခဲ့ပါသည်။

**ပညာရေးအထောက်အပံ့**

၂၀၂၅ ခုနှစ်အတွင်း **ကလေးသူငယ် ၂၃ ဦး**ကို ထောက်ပံ့ကူညီခဲ့ပါသည်။

---

## ဒေသတွင်းထုတ်လုပ်မှုများကို တီထွင်ဆန်းသစ်ခြင်း

၂၀၂၄ ခုနှစ်အတွင်းတွင် ဘားအံ့ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနနှင့် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကြီးတို့နှင့် မိတ်ဖက်ပြုကာ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် လိုက်လျောညီထွေရှိမှုရှိပြီး တာရှည်ခံသည့် **ခြေဖဝါးအတု ၃,၅၄၉ ခု** ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဤတီထွင်ဆန်းသစ်မှုက ရေရှည်တည်တံ့မှုကို ပိုမိုအားကောင်းလာစေပြီး ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုရမှုကို လျော့ကျစေသည့်အပြင် အကျပ်အတည်းကာလအတွင်း ဝန်ဆောင်မှုဆက်လက်ပေးအပ်နိုင်စေရန် ထောက်ကူပါသည်။

---

## မြေငလျင်ဆိုင်ရာ အရေးပေါ်တုံ့ပြန်ကူညီမှု။ (၂၀၂၅ ခုနှစ်၊ မတ်လ)

မတ်လ ၂၈ ရက်နေ့ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ဒေသများတွင် မြေငလျင်လှုပ်ခတ်ခဲ့သည့် နောက်ပိုင်းတွင် အိုင်စီအာရ်စီသည်

**နိုင်ငံခြားသားအကြောအဆစ်နှင့် ကိုယ်ကာယလေ့ကျင့်ကုထုံးပညာရှင် တစ်ဦးနှင့် ခြေတုလက်တုနှင့် အားပြုကိရိယာပညာရှင် ၂ ဦးကို စေလွှတ်ခဲ့ပါသည်။**

**ဒေသတွင်းထုတ်လုပ်မှုနှင့် လေ့ကျင့်သင်တန်းအတွက် ပံ့ပိုးကူညီခဲ့ပါသည်။**

**ခြေတုလက်တုထုတ်လုပ်ရန်ပစ္စည်းများ၊ ရွေ့လျားမှုအထောက်အကူပြု ပစ္စည်းများနှင့် အကြောအဆစ်နှင့် ကိုယ်ကာယလေ့ကျင့်ရေး ကုထုံးတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများအား ပို့ဆောင်ခဲ့ပါသည်။**

**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကြီး၊ မန္တလေးအရိုးအထူးကု ဆေးရုံကြီးတို့နှင့် မိတ်ဖွဲ့ဆောင်ရွက်ခဲ့ပါသည်။**

မန္တလေးအရိုးအထူးကုဆေးရုံကြီးက အကြောအဆစ်နှင့် ကိုယ်ကာယလေ့ကျင့်ကုထုံးပညာရှင် ၂ဦးနှင့်အတူ လေ့ကျင့်သင်တန်းတစ်ခုကို ဇူလိုင်လအတွင်းတွင် ကျင်းပခဲ့ပြီးနောက် ခြေတုမတပ်ဆင်မီနှင့် တပ်ဆင်ပြီး အကြောအဆစ်နှင့် ကိုယ်ကာယလေ့ကျင့်ရေးကုထုံးဆိုင်ရာ စီမံခန့်ခွဲမှု ၅ရက်တာ သင်တန်း တစ်ခုကို မန္တလေးအရိုးအထူးကုဆေးရုံကြီးတွင် ၂၀၂၅ခုနှစ် စက်တင်ဘာလ ၁ရက်နေ့မှ ၅ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၀ဦး ပါဝင်ခဲ့ပြီး မန္တလေးအရိုးအထူးကုဆေးရုံကြီးက ၃ဦး၊ မန္တလေးအရိုးအထူးကုဆေးရုံကြီးက ၄ဦးနှင့် နေပြည်တော်ဆေးရုံကြီးက ၃ဦးတို့ပါဝင်ခဲ့ပါသည်။

ဤအချိန်နှင့် တပြေးညီ ကြားဝင်ဆောင်ရွက်နိုင်ခြင်းသည် ဒေသတွင်းစနစ်များ၊ မိတ်ဖက်များနှင့် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

**ပေါင်းစပ်ထားသည့် ဝန်ဆောင်မှုအား ပေးအပ်ခြင်း၊ လုပ်ကိုင်နိုင်စွမ်း ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်း၊ ဒေသတွင်းထုတ်လုပ်မှုများနှင့် လူမှုပတ်ဝန်းကျင်အတွင်းပါဝင်လှုပ်ရှားနိုင်မှု အစရှိသည့် ပြည့်စုံကျယ်ပြန့်ပြီး ရေရှည်တည်တံ့သည့် လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းအားဖြင့် အိုင်စီအာရ်စီ၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးအစီအစဉ်သည် မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ အရည်အသွေး ပြည့်မီသည့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာ စောင့်ရှောက်မှုများရရှိကြောင်း သေချာစေရန် ဆက်လက် ဆောက်ရွက်လျက်ရှိပါသည်။**

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ**
၂(ဂ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရှစ်မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း - ၀၉ ၇၇ ၆၆၆ ၂ ၅၅၅
ဖက်(စ်) - ၀၁ ၆၅၀ ၁၁၇
E yan_yangon@icrc.org
www.icrc.org

ICRC

© ICRC, October 2025

www.facebook.com/ICRCmm

10.2025 Cover photo:ICRC